EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၃)၊ အမှတ်-၂၁

လစဉ်သတင်းလွှာ

ဖေဖော်ဝါရီ ၁၀ ရက်၊ ၂၀၂၁

# ဒီမိုကရေစံနှုန်းများနှင့်မကိုက်ညီသည့် တပ်မတော်၏ လက်ရှိလုပ်ရပ်များအပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်း အမျိုးသမီးအရေးနှင့် ဂျဲန်ဒါ (ကျား-မ) တန်းတူညီမျှရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် ကွန်ရက်/အဖွဲ့အစည်းပေါင်း (၅၀) ကျော် ထုတ်ပြန်

**ဖေဖော်ဝါရီ ၅၊ ၂၀၂၁**

ပြည်သူအများစု၏ဆန္ဒနှင့် ဆန့်ကျင်ကာ ဒီမိုကရေစံနှုန်းများနှင့် မကိုက်ညီသည့် တပ်မတော်၏ လက်ရှိလုပ်ရပ်များအပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်း အမျိုးသမီးအရေးနှင့် ဂျဲန်ဒါ(ကျား-မ)တန်းတူညီမျှရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် ကွန်ရက်/အဖွဲ့အစည်းပေါင်း (၅၀) ကျော်က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့က သဘောထားထုတ်ပြန်ခဲ့သည်။

ယင်းသို့ ကန့်ကွက်ကြောင်းအပြင် အချက် (၃) ချက်ကို တောင်းဆိုထားသည်။ ယင်းအချက်များမှာ ဖမ်းဆီးထိန်းသိမ်းထားသည့် ရွေးကောက်ခံနိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သော နည်းလမ်းများကိုသာ ရွေးချယ်ပြီး ပြည်သူအများစု၏ သဘောဆန္ဒကို လေးစားကာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ အမြန်ဆုံးဆောင်ရွက်ပေးရေး၊ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ၎င်းတို့အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းရပ်တည်ပြီး လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို ကူညီဖြေရှင်းပေးရန်တို့ဖြစ်သည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုး၏ ဘေးအန္တရာယ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်ဆိုင်နေရသည့်အချိန်တွင်

စာမျက်နှာ ၂ သို့

**မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ အမျိုးသမီးအရေးနှင့် ဂျဲန်ဒါတန်းတူညီမျှရေးအတွက် လှုပ်ရှားဆောင်ရွက်နေကြသော ကွန်ရက်များ/ အဖွဲ့အစည်းများ၏ သဘောထား ထုတ်ပြန်ချက်**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုး၏ ဘေးအန္တရာယ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရင်ဆိုင်နေရသည့် အချိန်တွင် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ပြည်သူများ၏ စီးပွားရေးဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို ထိပါးသည့်အပြင် နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စု ထူထောင်ရေး လုပ်ငန်းစဉ်များကို များစွာ အနှောင့်အယှက်ဖြစ်စေသည်ဟု မိမိတို့က ရှုမြင်မိသည်။

ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေးနှင့် စစ်မှန်သော ဒီမိုကရေစီစနစ် ထွန်းကားရေးတို့အတွက် ပြည်သူအများ၏ ဆန္ဒနှင့် ရွေးချယ်မှုကို လေးစားရန် အလွန် အရေးကြီးပါသည်။ ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီမှု မရှိသည့် အကြမ်းဖက်ခြင်း၊ အင်အားသုံး ဖိအားပေးခြင်းစသည့် နည်းလမ်းများကို အသုံးမပြုဘဲ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်း အဖြေရှာခြင်းသည် နိုင်ငံအတွက် ထိခိုက်နစ်နာ ဆုံးရှုံးမှု အနည်းဆုံးနှင့် အသင့်လျော်ဆုံး နည်းလမ်းဖြစ်မည်ဟု မိမိတို့က လေးနက်စွာ ယုံကြည်သည်။

မိမိတို့အနေဖြင့် -

- ပြည်သူအများစု၏ ဆန္ဒနှင့် ဆန့်ကျင်ကာ ဒီမိုကရေစီ စံနှုန်းများနှင့် မကိုက်ညီသည့် တပ်မတော်၏ လက်ရှိလုပ်ရပ်များအပေါ် ပြင်းထန်စွာ ကန့်ကွက်သည်။
- ဖမ်းဆီးထိန်းသိမ်းထားသော ရွေးကောက်ခံ နိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန် တောင်းဆိုသည်။
- ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီသည့် အပြုသဘောဆောင်သော နည်းလမ်းများကိုသာ ရွေးချယ်ပြီး ပြည်သူအများစု၏ သဘောဆန္ဒကို လေးစားကာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများကို အမြန်ဆုံး ဆောင်ရွက်ပေးရန် အလေးအနက် တောင်းဆိုသည်။
- ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းက မိမိတို့နှင့်အတူ ပူးပေါင်းရပ်တည်ကာ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကို ကူညီဖြေရှင်းပေးရန် တောင်းဆိုသည်။

- ၁ -

**အမျိုးသမီးအရေးနှင့် ဂျဲန်ဒါတန်းတူညီမျှရေးအတွက် လှုပ်ရှားဆောင်ရွက်နေကြသော ကွန်ရက်များ/အဖွဲ့အစည်းများ (အင်္ဂလိပ်အက္ခရာစဉ်အလိုက် စီစဉ်ထားပါသည်။)**

1. Action for Society Holistic Development Organization
2. Alliance for Gender Inclusion in the Peace Process
3. CEDAW Action Myanmar
4. Cord Myanmar
5. Colors Rainbow
6. Equality Myanmar
7. Enlightened Myanmar Research Organization
8. Farmer Network
9. Farmer's Organization Mohnyin Township
10. Future Star Organization
11. Good Shepherd Myanmar Foundation
12. Gender Equality Network
13. Gender and Development Institute-Myanmar
14. Kachin Women Union
15. Kachin Women Peace Network
16. Kayin Women Democracy Action Group
17. Legal Clinic Myanmar
18. Legal Knowledge Sharing
19. Local Resource Centre
20. Loi Kham Women Org
21. Muditar Foundation
22. Myanmar SCM
23. Mandalar Yaung Sin
24. Myanmar Independent Living Initiative
25. Myanmar Human Rights Alliances Network
26. May Doe Kabar

-၂-

27. Ninu (Women in Action Group)
28. Pyi Gyi Khin
29. Ratana Metta Organization
30. Same Hand from Cherry Land
31. Sandhi Governance Institute
32. Sex Worker in Myanmar Network
33. Shan Women Development Network
34. Shwe Min Thar Foundation
35. Taw Win Thanzin
36. Thandaunggyi Women's Group
37. TRY Organization (LGBT and Women Right)
38. Socio-Economic & Gender Resource Institute Myanmar
39. The Fifth Pillar
40. Union Group
41. White Marker Group
42. WIN-Peace
43. Win Shwe War
44. Women Hands' Myanmar Foundation
45. Women Can Do It
46. Women's Federation for Peace
47. Women Initiative Group
48. Women's Organizations Network (Myanmar)
49. Southern Shan State Women's Organizations Network
50. Women's Organizations Network (Kayin)
51. Taungoo Women's Organization Network

-၃-

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ပြည်သူများ၏ စီးပွားရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို ထိပါးသည်ဟုမြင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး လုပ်ငန်းစဉ်များကို များစွာအနှောင့်အယှက်ဖြစ်စေသည်ဟု ပါရှိသည်။

ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေးနှင့် စစ်မှန်သည့် ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ပြည်သူအများ၏ဆန္ဒနှင့် ရွေးချယ်မှုကို လေးစားရန် အလွန်အရေးကြီးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့် အကြမ်းဖက်ခြင်း၊ အင်အားသုံးဖိအားပေးခြင်းစသည့် နည်းလမ်းများကို အသုံးမပြုဘဲ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်း အဖြေရှာခြင်းသည် နိုင်ငံအတွက်ထိခိုက်နစ်နာ ဆုံးရှုံးမှုအနည်းဆုံးနှင့် အသင့်လျော်ဆုံးနည်းလမ်းဖြစ်သည်ဟု သိရသည်။

ယင်းထုတ်ပြန်ချက်တွင် ပူးပေါင်းပါဝင်ခဲ့သည့် အမျိုးသမီးအရေးနှင့် ဂျဲန်ဒါ (ကျား-မ) တန်းတူညီမျှရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် ကွန်ရက်/အဖွဲ့အစည်းပေါင်း (၅၀) ကျော်ကို ဖော်ပြလိုက်ပါသည်။



ဓာတ်ပုံ-https://en.wikipedia.org/wiki/Kamala Harris

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသမီးတွေမှာ တန်ဖိုးရှိကြတယ်။ အမျိုးသမီးတွေမှာ သူတို့ကိုယ်ပိုင်ဘဝနဲ့ သူတို့ကိုယ်ကို ဆုံးဖြတ်ချက်ချဖို့ အခွင့်အာဏာရှိတယ်။"

---- Kamala Harris (Vice President of the United States)

# "ဆုတောင်းနှစ်ခု... ဘဝများစွာနှင့် အနုသုတေသန ရသစာတမ်းများ" စာအုပ် ဖြန့်ချိ

**ဇန်နဝါရီ ၁၅၊ ၂၀၂၁**

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင်ကိုဗစ်-၁၉ ၏ သက်ရောက်မှု လေ့လာဆန်းစစ်ချက်ကို အနုသုတေသန ရသစာတမ်းများအနေနှင့် ရေးသားထားသည့် "ဆုတောင်းနှစ်ခု... ဘဝများစွာနှင့် အနုသုတေသန ရသစာတမ်းများ" စာအုပ်ကို ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း (EMReF) က ၂၀၂၀ ခုနှစ် ဒီဇင်ဘာလက ထုတ်ဝေခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်တော်နှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်များရှိ အရပ်ဖက်အဖွဲ့အစည်းများ၊ ရပ်ကွက်ကျေးရွာ (၆) ခုနှင့် စစ်ရှောင်စခန်း (၆) ခုရှိ ပြည်သူ (၃၈) ဦးကို ၂၀၂၀ ခုနှစ် ဩဂုတ်လကုန်ပိုင်းက ဖုန်းဖြင့်ဆက်သွယ်မေးမြန်း၍ သုတေသနပြုလုပ်ထားခြင်း ဖြစ်သည်။ လေ့လာတွေ့ရှိချက်အစီရင်ခံစာ အပြည့်အစုံကို အင်္ဂလိပ်ဘာသာဖြင့် ရေးသာ ပြုစုထားပြီး လေ့လာမှု၏ အဓိကတွေ့ရှိချက်များကို အနုသုတေသနအနှစ်သာရအားဖြင့် ရသစာတမ်း (သို့မဟုတ်) ဝတ္ထုတိုပုံစံဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ယင်းစာအုပ်တွင် လေ့လာမှု၏ အဓိကတွေ့ရှိချက်များကို ဝတ္ထုတို (၃) ပုဒ်၊ ရသစာတစ်ပုဒ်တို့ဖြင့် ပုံဖော်ထားသည်။




လုချီနှင့် သန်း(ဂ်)စွန်းတို့ ရေးသားသည့် "ကောင်းခြင်းတို့ဆုံမှတ်" ဝတ္ထုတိုတွင် ကိုဗစ်-၁၉ ကို တုံ့ပြန်ကာကွယ်ရာတွင် အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းစီတို့ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပုံကို ပုံဖော်ထားသည်။ လုချီ ရေးသားသည့် "မျက်ရည်" ဝတ္ထုတိုတွင် ကိုဗစ်ကပ်ဘေး၊ စစ်ဘေးကြားက ဖိနှိပ်ခွဲခြားဆက်ဆံခံနေရသော ရခိုင်ပြည်နယ်မှ မွတ်စလင်တို့၏ အကျပ်အတည်းကို ပုံဖော်ထားသည်။ ဆာမိုဝါး ရေးသားသည့် "ကွက်လပ်ဖြည့်ပါ" ဝတ္ထုတိုတွင် ပတ်ဝန်းကျင်၏ခွဲခြားဆက်ဆံသော အပြုအမူများသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူများအပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို ရေးဖွဲ့ထားသည်။ Thawng Za Pum (ထောင်ဇာပွမ်း)၏ "ဆုတောင်းနှစ်ခု... ဘဝများစွာ" ရသစာတမ်းတွင် ကိုဗစ်နှင့်စစ်ဘေးကြားက ပြည်သူများအနေဖြင့် ဘဝကို နေ့စဉ်ရုန်းကန်ဖြတ်သန်းစဉ် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ ခံစားချက်များကို ပုံဖော်ထားသည်။ ထို့ပြင် သုတေသနတွေ့ရှိချက်များကိုအခြေခံ၍ ချိတ်ဆက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ ရပ်ရွာလူထုပါဝင်မှု၊ မရှိမဖြစ်လိုအပ်သည့် အကူအညီနှင့် အသက်မွေးဝမ်းကျောင်းမှုစသည့် အကြံပြုချက်များကိုလည်း အသေးစိတ်အကြံပြုရေးသားထားသည်။

စစ်ရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခနှင့် ကိုဗစ်ကပ်ဘေးတို့ကြားက လူသားများ၏ နေ့စဉ်ဘဝများအကြောင်းကို သုတေသီများအနေဖြင့် လေ့လာမှုပြုခဲ့ပြီး လူသားအနုပညာဖြင့် အခြားလူသားများ သိမြင်ခံစားနိုင်ကြစေရန် ရည်ရွယ်၍ ယင်းအနုသုတေသန ရသစာများကို ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်ဟု စီစဉ်သူ၏အမှာစာတွင် ရေးသားထားသည်။ ယင်းစာအုပ်ကို EMReF ဝက်ဘ်ဆိုက် www.emref.org တွင် အခမဲ့ ဒေါင်းလုပ်ဒ်ရယူနိုင်သည်။